# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 6, 2024 Volume 79, Number 4

၆.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၃.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၈၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မေလအတွင်း ပြောင်းတင်ပို့မှု လျာထားချက်ထက်ကျော်လွန်



ပြီးခဲ့သည့် မေလကုန်အထိ ပြည်ပသို့ ပြောင်းတန်ချိန် ၄ ဒသမ ၇၈ သိန်း တင်ပို့နိုင်ခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်ပသို့ ပြောင်းစေ့တင်ပို့ခြင်းကို ယခုဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်ဖြစ်သော ဧပြီ၊ မေ၊ ဇွန်လ လျာထားချက်မှာ တန်ချိန် ၃ ဒသမ ၈ သိန်းဖြစ်ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ် မေလကုန်အထိ စာရင်းများအရ ပြောင်းတန်ချိန် ၄ ဒသမ ၇၈ သိန်းတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဇွန်လလျာထားချက်အပေါ် ပြည့်မီကျော်လွန်နိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာ ဇွန်လ (၅) ရက်အထိ စာရင်းများအရ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ပြောင်းတင်ပို့မည့် သင်္ဘော (၁၄) စင်း ဆိုက်ကပ်လျက်ရှိပြီး အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၃၂,၀၅၈ တန်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၉၅၀၀၊ မြန်မာ့စက်မှု ဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၃၆,၅၀၀၊ ဆူးလေဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၂၀,၆၇၂ တန်၊ ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၂၅,၀၀၀ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သီလဝါဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၂၇,၅၀၀၊ Myanmar Integrated Port Limited မှ ပြောင်းတန်ချိန် ၂၆,၀၀၀၊ Wilmar International Port Terminal မှ ပြောင်းတန်ချိန် ၁၁,၀၀၀၊ သီလဝါဆိပ်ကမ်း(Thilawa Multi-purpose International

Port Terminal) မှ ပြောင်းတန်ချိန် ၂၅,၀၀၀၊ ရွှေမဲဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၂၇၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းတန်ချိန် ၅၄၀၀ စုစုပေါင်းပြောင်း တန်ချိန် ၂၂၁,၃၃၀ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီလမှသြဂုတ်လကုန်ထိ အိမ်နီးချင်းထိုင်းနိုင်ငံမှ အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသဖြင့် ယခုနှစ်သြဂုတ်လကုန်အထိ ပြောင်းစေ့ပို့ကုန်များ အချိန်မီတင်ပို့နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=161250

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင် စပါးတင်းရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မြတ်မြတ်၏ ပြောဆိုချက်အရ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက သီးထပ်ရင်စပါးတင်းရေ ၅၅,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ "မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မေလအတွင်း သီးထပ်ရင်စပါးတင်းရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားတက်လာတာဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလည်း ကောင်းနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအမျိုးအစားထဲမှာပါတယ်" ဟု ဒေါ်မြတ်မြတ်ကပြောသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂,၀၈၀,၀၀၀ အထိ ဈေးရှိခဲ့ကြောင်းသိရသည်။ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးသူ တောင်သူများ ဆန်၊ စပါးကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source: မြဝတီသတင်းစာ

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၆၆,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သော မေ ၁ ရက်မှ ၃၁ ရက်ထိ မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတာလို့သိရတယ်။ တင်ပို့အားတက်လာတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေနေပါတယ်။ ပြည်ပဈေးကွက်ဝယ်ယူမှု ကောင်းလာတာကြောင့် တင်ပို့ရောင်းချအားတက်လာတာပါ။ မိကျောင်းကွမ်းဖတ်လုပ်ငန်းက ဘိုကလေးဘက်မှာ အရင်ကထက် လုပ်ကိုင်သူတွေ ပိုများလာပါတယ်" ဟု ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးသည့်ကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြပြီး မိကျောင်းကွမ်းဖတ်သည် စိုက်ပျိုးပြီးချိန်မှစတင်၍ လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရကာ လိုအပ်ပါက

ရေတင်ပေးရကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ် တစ်ကေလျှင် ပျမ်းမျှအထွက်နှုန်း ၁၇ တင်းမှ ၂၄ တင်းထိထွက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းလာ

မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိလာသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူ၊ ရေဦးနှင့်နောင်ချိုဘက်မှ ထွက်ရှိသည့်အာလူးများ ဝင်ရောက်လာပြီး နောင်ချိုဘက်မှ ထွက်ရှိသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်လာကြောင်းသိရသည်။

"အခု မန္တလေးဈေးကွက်အတွင်း ပခုက္ကူနဲ့ရေဦးဘက်ကထွက်တဲ့ အာလူးတွေ လက်ကျန်တော်တော်လေးများနေပြီး နောင်ချိုဘက်ကထွက်တဲ့အာလူးတွေ လက်ကျန်ရှားလာတာကြောင့် အခုလတ်တလော အာလူးဈေးကွက်က အရောင်းအဝယ် ကောင်းလာပါတယ်။ ပြည်တွင်းကထွက်ရှိတဲ့ အာလူးတွေ ဒီထက် အရောင်းအဝယ် ပိုကောင်းမွန်လာနိုင်ပါတယ်"ဟု အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်ကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးဈေးနှုန်းများမှာ ယနေ့ပေါက်ဈေးအရ အာလူး တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ခန့်ထိဈေးရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ နီးပါးရရှိခဲ့ပြီး မတ်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း (၂၀၀)နီးပါးရရှိထား



မြန်မာနိုင်ငံအနေဖြင့် လက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ နှစ်လနီးပါး ကာလအတွင်း ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတန်ချိန် (၄)သိန်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၇ ဒသမ ၀၁၄ သန်းရရှိထားသည်။ မတ်ပဲ တစ်မျိုးတည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း (၂၀၀) နီးပါးကို ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် နိုင်ငံမှထွက်ရှိသည့်မတ်ပဲများကို ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ တန်ချိန်ပေါင်း ၁ သိန်း ၆ သောင်းကျော်တင်ပို့ခဲ့ပြီး ထိုသို့တင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၉၅၁ သန်း ရရှိထားကြောင်းသိရသည်။ အလားတူ ပြည်ပနိုင်ငံများသို့ ပဲတီစိမ်း တန်ချိန်ပေါင်း ၁ သိန်း နှစ်သောင်းကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၇၇ သန်းကျော် ရရှိထားကြောင်းသိရသည်။

မြန်မာနိုင်ငံရှိ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးလျက်ရှိပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများကို စိုက်ပျိုးကြောင်းသိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲစသည်တို့ကို ပင်လယ်ရေကြောင်းအပါအဝင် နယ်စပ်တို့မှ တစ်ဆင့် တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=161233

## ရုရှားနှင့်ဘင်္ဂလားဒေ့ရှ်ကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် တက်ကြွ စွာဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၁၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ

အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Alexander Mantytsky က ပြောကြားခဲ့သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ဘက်စုံကုန်သွယ်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် တောင်အာရှတွင် ရုရှား၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့်ရုရှားတို့ကြား ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရများနှင့် စီးပွားရေးအသိုင်းအဝိုင်းများ၏ ပူးပေါင်းကြိုးပမ်းမှုများသည် ကုန်သွယ်မှုပမာဏကို အဆမတန်တိုးမြှင့်နိုင်စေခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လက်ရှိကမ္ဘာလုံးဆိုင်ရာ အတားအဆီးများရှိနေသော်လည်း နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံအထိ တိုးတက်ခဲ့ကြောင်း Mr. Alexander Mantytsky က ပြောကြားခဲ့သည်။

စွမ်းအင်နှင့်စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကနယ်ပယ်များဖြစ်ပြီး ရုရှားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မိတ်ဖက်များနှင့်အတူ အပြန်အလှန်အကျိုးစီးပွားရှိသော နယ်ပယ်များကို ဆက်လက်ချဲ့ထွင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးအသိုင်းအဝိုင်းများကြား တိုက်ရိုက်ဆက်ဆံမှုများထူထောင်ရန် ကြိုးပမ်းသင့်ကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အပြုသဘောဆောင်သော တိုးတက်မှုကိုထိန်းသိမ်းရန် B2B ဆက်ဆံရေးကို အထူးအာရုံစိုက်ရန်လိုအပ်မည်ဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက အလေးပေးပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်မှ ရုရှားနိုင်ငံသို့ အဓိကတင်ပို့သောကုန်စည်များမှာ အဝတ်အထည်၊ စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် အာလူးနှင့်ပန်းဂေါ်ဖီများဖြစ်ပြီး ရုရှားမှဘင်္ဂလားဒေ့ရှ်သို့ အဓိကတင်သွင်းသောကုန်စည်များမှာ နျူကလီးယားဓာတ်ပေါင်းဖိုဆိုင်ရာ စက်ကိရိယာများ၊ လျှပ်စစ်စက်ပစ္စည်းကိရိယာများ၊ သံသတ္တုများနှင့်ဂျုံများဖြစ်ပါသည်။

**Source : https://tass.ru/ekonomika/20939937**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

[https://myantrade.gov.mm/article/STP(Ygn)_06062024_13:02](https://myantrade.gov.mm/article/STP(Ygn)_06062024_13:02)

## ယူအေအီးနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၉ သန်းဖြင့် နိုင်ငံတကာခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေစာရင်းတွင် ကမ္ဘာ့အဆင့် ၆ နေရာသို့ မြင့်တက်လာခဲ့

နိုင်ငံတကာခရီးသွားလုပ်ငန်း ဝင်ငွေအကောင်းဆုံး နိုင်ငံများစာရင်းတွင် ယူအေအီးနိုင်ငံသည် ဝင်ငွေအမေရိကန်ဒေါ်လာ ၅၁ ဒသမ ၉ သန်းရရှိခဲ့ပြီး အဆင့် ၁၃ နေရာမှ အဆင့် ၆ နေရာအထိ မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂခရီးသွားလုပ်ငန်း၏ ၂၀၂၄ ခုနှစ် မေလတွင်ထုတ်ပြန်ခဲ့သော ကမ္ဘာ့ခရီးသွားလုပ်ငန်းအတိုင်းအတာ၏ အချက်အလက်များစာရင်းတွင် ဖော်ပြပါရှိသည်။

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအေဂျင်စီ၏အဆိုအရ နိုင်ငံတကာခရီးသွားလုပ်ငန်း ဝင်ငွေအဆင့်သတ်မှတ်ချက်များတွင် ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်နိုင်ငံက ဦးဆောင်လျက်ရှိပြီး အမေရိကန်ဒေါ်လာ ၁၇၆ ဘီလီယံရရှိခဲ့ကာ စပိန်နိုင်ငံ (အမေရိကန်ဒေါ်လာ ၉၂ ဘီလီယံ)၊ ဗြိတိန်နိုင်ငံ(အမေရိကန်ဒေါ်လာ ၇၄ ဘီလီယံ)၊ ပြင်သစ်နိုင်ငံ(အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံ)နှင့် အီတလီနိုင်ငံ (အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံ) အသီးသီးရရှိခဲ့ကြကာ ယူအေအီးနိုင်ငံအနေဖြင့် ဆဋ္ဌမမြောက်နေရာကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါစာရင်းအရ တူရကီနိုင်ငံ၊ ဩစတေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ တရုတ်(မကာအို)နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မက္ကစီကိုနိုင်ငံများမှာ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားလုပ်ငန်းမှ ဝင်ငွေအများဆုံးရရှိသည့် ထိပ်တန်းနိုင်ငံ ၁၅ ခုစာရင်းတွင် ပါဝင်ခဲ့ကြသည်။

ထိပ်တန်းဝင်ငွေရရှိသည့်နိုင်ငံများ၏ နေရာအဆင့်မြင့်တက်လာမှုစာရင်းတွင် ဗြိတိန်နိုင်ငံသည် ကူးစက်ရောဂါကြိုတင်ကာလတွင် အဆင့် ၅ နေရာတွင်ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် အဆင့် ၃ နေရာသို့မြင့်တက်ခဲ့ပြီး တူရကီနိုင်ငံသည် အဆင့် ၁၂ နေရာမှ အဆင့် ၇ နေရာသို့လည်းကောင်း၊ ကနေဒါနိုင်ငံသည် အဆင့် ၁၅ နေရာမှ အဆင့် ၉ နေရာသို့လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံသည် အဆင့် ၂၇ နေရာမှအဆင့် ၁၂ နေရာသို့လည်းကောင်း၊ မက္ကစီကိုနိုင်ငံသည် အဆင့် ၁၇ နေရာမှအဆင့် ၁၅ နေရာသို့လည်းကောင်း အသီးသီးမြင့်တက်လာခဲ့ကြကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ ခရိုအေးရှားနိုင်ငံ(အဆင့် ၃၂ နေရာမှ အဆင့် ၂၅ နေရာ)၊ မော်ရိုကိုနိုင်ငံ(အဆင့် ၄၁ နေရာမှ အဆင့် ၃၁ နေရာ)နှင့် ဒိုမီနီကန်သမ္မတနိုင်ငံ(အဆင့် ၄၃ နေရာမှ အဆင့် ၃၄ နေရာ)သို့ အသီးသီးမြင့်တက်လာခဲ့ကြပြီး ကာတာနိုင်ငံ(အဆင့် ၅၁ နေရာမှ အဆင့် ၃၇ နေရာ)နှင့် ကိုလံဘီယာနိုင်ငံ(အဆင့် ၅၀ နေရာမှ အဆင့် ၄၄ နေရာ) တို့သည်လည်း ထိပ်တန်းဝင်ငွေရရှိသည့်နိုင်ငံ ၅၀ စာရင်းသို့ မြင့်တက်လာခဲ့ကြောင်း သတင်းဌာနမှ ဖော်ပြပါရှိသည်။

**Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒုဘိုင်းမြို့)**

https://myantrade.gov.mm/article/STP(Ygn)_06062024_14:06

## STOCK EXCHANGE (6.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,446 (Shares) | 24,414,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +0 | +0.00% | 9,200 | 9,200 | 9,100 | 263 | 2,409,300 | 33,109,694 | 304,609 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,300 | 3,250 | 2,818 | 9,227,200 | 38,929,150 | 126,520 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 26 | 215,800 | 10,400,986 | 86,328 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,650 | 1,750 | 1,650 | 405 | 707,950 | 29,664,613 | 51,913 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 52 | 143,000 | 12,823,224 | 35,264 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 2,971 | 5,378,100 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,600 | 4,800 | 4,600 | 410 | 1,888,000 | 10,497,598 | 50,389 |
| MAEX | 00008 | 3,000 | +200 | +7.14% | 2,900 | 3,000 | 2,900 | 1,501 | 4,445,400 | 23,804,946 | 71,415 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 6th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.73 | +4.39 | +1.10% | 399.70 | 404.73 | 399.70 | 8,446 | 24,414,750 | 8 | 763,396 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 8,446 (Shares) | 24,414,750 (MMK) |

### Main Board

As of 1:00 pm, 6th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,446 (Shares) | 24,414,750 (MMK) |

| MYANPIX | 404.73 ▲ 4.39 |
|---|---|
| Total Volume (shares) | 8,446 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 763,396 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,000 | ▲ 200 |

TIR

TIR